## ခေါင်း မမာကြေး ...

*"ရှင်တို့ သားအဖ ခေါင်းမာလို့ အရင်တစ်မိုးလည်း ဒုက္ခရောက်ပြီးပြီ ဒီတစ်မိုးပါဆိုရင်တော့ ရှင်တို့ပဲ ခေါင်းမာနိုင်မလား ကျုပ်ပဲခေါင်းမာနိုင်မလားကြည့်ရသေးတာပေါ့ "*

မိန်းမလုပ်သူက ပြောလာတော့ ကိုမျိုးဦးလည်း ဒီအတိုင်းမနေနိုင်တော့ဘူး ။ အမှန်ဆို အိမ်ခေါင်က နှစ်မိုးတော့ အသာလေးခံရမှာ ။ အရင်တစ်မိုးက မိုးကုန်ကာနီးမှ လေပါလာလို့ ခေါင်တွေလန်ပြီး ၁လကျော်ကျော်လောက် မိုးရွာတဲ့ ညတွေငုတ်တုတ်ထိုင်နေခဲ့ရတာ ။ မိန်းမကတော့ အိမ်ခေါင်အသစ်လဲဖို့ပြောပေမယ့် သူတို့သားအဖက တစ်လလောက်နဲ့တော့ ဘာမှမဖြစ်ပါဘူး ဆိုပြီး ခေါင်းမာနေလို့ အတော်လေး ဒုက္ခရောက်လိုက်တယ် ။ဒီနှစ်တော့ မိန်းမလုပ်တဲ့သူက ရာဇသံ ပေးသွားပြီ သူတို့သားအဖကို လူတွေက အတော်ခေါင်းမာတဲ့ သားအဖတဲ့ ။ အတော် တွက်ကပ်တဲ့သားအဖတဲ့ ။ အမှန်က သူတို့သားအဖ က ခေါင်းမာတာ ၊ ကပ်သတ်တာ မဟုတ်ပါဘူးဖွဲကြီးတာ ၊ အမှန်တရားကို ချစ်တာ ။ အခုတော့ မိန်းမဖြစ်တဲ့ သူကပါ ခေါင်းမာသလေး ဘာလေးနဲ့ပြောလာပြီ ။ ဘာပဲပြောပြော ဒီတစ်မိုးတော့ ခေါင်းမာလို့မရဘူး အိမ်ခေါင်အသစ်မမိုးရင် သိကြားမင်းက ကိုယ့်ထက်ခေါင်းမာတယ် ။ အရင်တစ်မိုးက ဆိုသိကြားမင်း ခေါင်းမာတာနဲ့ တစ်ပတ်လောက် ငုတ်တုတ်အိပ်လိုက်ရတယ် ။

*" ဖိုးထောင်ရေ.. မနက်ဖြန် အဖေတို့ ခေါင်လဲရအောင်ကွာ ... မိုးဂင်တော့မယ် "*
*" ဟာ... အဖေကလဲ .. ဒီတစ်မိုးက မိုးသိပ်ကောင်းမှာမဟုတ်ပါဘူး ၊ နောက်နှစ်မှလဲရအောင်ဗျာ "*
*" မလုပ်နဲ့ကွ... မင့်အမေက ဒီတစ်မိုးလဲဖြစ်အောင်လဲတဲ့ မနက်ကကြိမ်းသွားတယ် "*
*" အမေတို့ကလည်း ခေါင်းကိုမာတယ် .. ဒီတစ်မိုးလောက် ကြိတ်မှိတ်နေလိုက်ပြီး နောက်တစ်မိုးမှ အစိပ်မိုးပြီး ဂါးကပ်ဖိလိုက်ရနေတာပဲကို "*
*" ထားပါတော့ကွာ... မနက်ဖြန်ကို မင်းသက်ကယ်သွား ဂယ်လိုက် ... နှစ်ရာလောက်တော့ ဂယ်ရမယ်ကွ"*
*"ဟုတ်ကဲ့..."*

မနက်ထမင်းစားပြီးကတည်းက ထွက်သွားတဲ့ သူ့သား ခုအထိပြန်မလာသေးဘူး ။ ကိုမျိုးဦး နည်းနည်းတော့ စိတ်ပူတာပေါ့ ညနေ ၃နာရီထိုးတော့ မယ် ။ ထွက်သွားတာ ၁၀နာရီလောက်ကတည်းက အမှန်ဆို အေးအေးဆေးဆေးပြန်လာတောင် ၁နာရီခွဲလောက်ဆို ရောက်ရမှာ ။ မဟုတ်မှလွဲရော သက်ကယ်ဆိုင်မှာ ဆိုင်ရှင်နဲ့ ဈေးဆစ်ရင်း ကြာနေတာပဲဖြစ်ရမယ် ။ ၃ နာရီခွဲတော့ ကိုမျိုးဦး မနေနိုင်တော့ဘူး ။ မိန်းမကလဲ စိတ်ပူနေပြီ ။ လိုက်သွားကြည့်ပါဦးတဲ့ ။ ဒါနဲ့ ကိုမျိုးဦး ထလိုက်လာတယ် ။

ရွာအထွက်နားက တံတားထိပ်မှာ လူတစ်ယောက် တောင်းကြီးထမ်းပြီး ရပ်နေတယ် ။ တံတားက တစ်ယောက်ကူးစာလေး ။ တံတားပေါ်မှာ ရှောင်လို့မရဘူး ။ ကိုမျိုးဦးအနားရောက်တော့ တံတား ဟိုဘက်ထိပ်မှာ သူ့သား ဖိုးထောင်ကိုတွေ့တယ် ။ ပခုံးပေါ်မှာ သက်ကယ်တွေထမ်းပြီးတော့ တံတားထိပ်မှာ ရပ်နေတယ် ။ သူတို့ နှစ်ယောက်က တံတားကို တစ်ဘက်တစ်ချက်စီ ပိတ်ပြီး ရပ်နေကြတာ ။ ကိုမျိုးဦး လည်း တံတားအောက် ကနေ ဟိုဘက်ကို ကူသွားပြီးသူ့သားကို မေးလိုက်တယ် ။

*" ဘယ်လိုဖြစ်တာတုန်း ဖိုးထောင် "*

" *ဒီဘက်ထိပ်ကို ကျွန်တော်က အရင်ရောက်တာ အဖေရ... အဲဒါကို ဟိုဘက်ကလူက သူအရင်ရောက်တာဆိုပြီး လမ်းဖယ်မပေးဘူး* "
ကိုမျိုးဦးတော်တော် လေးဒေါသထွက်သွားတယ် ။ ဘယ့်နှယ့် ဒီလောက် ကိစ္စလေးနဲ့များ
" *ပေး.. အဲဒီသက်ကယ်* "
" *အဖေက ဘာလုပ်မလို့လဲ ... အဲဒီလူက ခေါင်းမာနေတာဗျ* "
ကိုမျိုးဦးက မင်းစကားမရှည်နဲ့ ဆိုတဲ့ ပုံစံမျိုးနဲ့ ဖိုးထောင်ပခုံးပေါ်က သက်ကယ်ကို ယူထမ်းလိုက်တယ် ။ ပြီးတော့ပြောလိုက်ပုံက
" *မင်းအိမ်ကိုပြန် ... ရေမိုးချိုး ထမင်းစားပြီး နားတော့... အဖေဆက်စောင့်လိုက်မယ်* "
ဒါတောင် သူ့သားက စိတ်မချချင်ဘူး ။ မှာသွားသေးတယ် ။
" *အဖေ့.. မရှုံးစေနဲ့နော် .. သား ထမင်းစားပြီး ပြန်လာခဲ့မယ်* "တဲ့... ။

**မှတ်ချက်** ။ ။ သူငယ်ချင်းတစ်ယောက်ပြောပြတဲ့ အကြောင်းလေးပါ ။ သက်ကယ် ဆိုတာက အသံကိုယူရေးတာပါ အမှန်က သက်ငယ် လို့ရေးရမှာပါ ။ အဲဒီအတွက် နားလည်ပေးကြပါခင်ဗျာ ။ နောက်ပြီး ဟာသချစ်တဲ့ သူတွေ အတွက် Blog တစ်ခု လက်တို့လိုက်ပါတယ် http://navana07.blogspot.com/ဆီမှာ အားရပါးရသွားရယ်လို့ရပါတယ်လို့ ။ ပေါ့ပေါ့ပါးပါးပြုံးနိုင်ကြပါစေခင်ဗျာ ။ တစ်ချက်ပြုံးရင် တစ်ရက် အသက်ပိုရှည်ပါတယ်..